ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၀၄)

နေ့စွဲ – ၂၂. ၄. ၂၀၁၂

## ဗတ္တိဇံနှင့်အရေဖျားလှီးခံခြင်းအကြောင်း (Baptism and Circumcision)

ကလေးငယ်ဗတ္တိဇံနှင့်မိသားစုဗတ္တိဇံတို့ကို ထောက်ခံပြောဆိုသောအကြောင်းအရင်းများတွင် အရေဖျားလှီးခြင်းအကြောင်းသည် တခုအပါအဝင်ဖြစ်ပါသည်။ သို့သော် ထိုကိစ္စကိုသဘောပေါက်ရန် သိပ်တော့မလွယ်ပါ။ အဘယ့်ကြောင့်ဆိုသော် တွေ့ရသည့်ပုံစံက အတော်ပင် ခြားနားနေ၍ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ညွှန်ပြချင်သည်မှာ ဗတ္တိဇံနှင့်အရေဖျားလှီးခြင်းနှစ်ခုစလုံးသည် သင်္ကေတနိမိတ်ပုံများသာဖြစ်ကြပါသည်။ ၄င်းတို့၏အနက်အဓိပ္ပါယ်ကိုသေချာကြည့်လျှင် နှစ်ခုစလုံးအတူတူဖြစ်ကြောင်းတွေ့ရပါမည်။ အရေဖျားလှီးခြင်းက သင်္ကေတပြုသော တကယ့်အရှိတရားနှင့် ဗတ္တိဇံက သင်္ကေတပြုသောတကယ့်အရှိတရား အတူတူဖြစ်ကြသည်။

အရေဖျားလှီးခြင်းအစစ်နှင့် ဗတ္တိဇံအစစ်သည် ကယ်တင်ခြင်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ခရစ်တော်၏လက်ဝါးကပ်တိုင်အားဖြင့် အပြစ်တို့ကို ဖယ်ပစ်လိုက်ခြင်းဖြစ်ပါသည်။ အရေဖျားလှီးခြင်းအတွက် တရားဟောရာကျမ်း ၃၀း၆နှင့်ကောလောသဲ ၂း၁၁ ဖြစ်သည်၊ ဗတ္တိဇံအတွက် ရောမသြဝါဒဟာ ၆း၁–၆နှင့်ပေတရုသြဝါဒစာပထမဆောင် ၃း၂၁ ဖြစ်သည်။ သင်္ကေတပြုချက်တို့သည်၊ အပြင်ပမ်းကကြည့်လျှင် အလွန်ခြားနားစွာမြင်ရသော်လည်း၊ ဝိညာဉ်ရေးရာတကယ့်အရှိတရားတွင် အတူတူပင်ဖြစ်ကြပါသည်။ တူညီသောဝိညာဉ်ရေးရာအမှန်တရားကို နိမိတ်ပုံပြနေကြပါသည်။

၄င်းတို့သည် လုံးဝခြားနားကြပါသည်ဟုပြောခြင်းသည်၊ ဒစ်ပင်ဆေးရှင်းဝါဒအမှားကိုရောက်ခြင်းဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည် ကယ်တင်ခြင်းရရန် နည်းလမ်းနှစ်မျိုးရှိပါသည်၊ ဓမ္မဟောင်းတွင်တမျိုး၊ ဓမ္မသစ်တွင်တမျိုးဟု ပြောရာရောက်ပါသည်၊ အလွန်မှားသောသွန်သင်ချက်ဖြစ်သည်။ ခရစ်တော်သည်သာ တခုတည်းသောလမ်းဖြစ်ပါသည်။ နှစ်ခြင်းဂိုဏ်းများက ထိုအမှန်တရားကို ဝန်မခံချင်ကြပါ၊ တရားဟောရာ ၃၀း၆ နှင့်ကောလောသဲ ၂း၁၁ တို့က ရှင်းနေအောင်ပြောနေသော်လည်း၊ အရေဖျားလှီးခြင်းသည် ကယ်တင်ခြင်း၏သင်္ကေတမဟုတ်ပါဟု ငြင်းနေကြပါသည်။ ၄င်းသည် အစ္စရေးလူမျိုးဖြစ်ကြောင်းကိုသာပြသောအမှတ်လက္ခဏာဖြစ်သည်ဟုသာ ပြောနေကြပါသည်။

ထိုအချက်ကို ရှင်ပေါလုက ရောမာသဝါဒစာ ၂း၂၈ တွင်အပြတ်ငြင်းပါသည်။ ထိုနေရာတွင် ပေါလုက အပြင်ဖက်မှအရေဖျားလှီးခြင်းသက်သက်က၊ တကယ့်အရှိတရားနှင့်ဘာမှမဆိုင်ကြောင်းပြောပြပါသည်။ အပေါ်ယံမျှဂျူးဖြစ်ခြင်းက ဘာမှအကျိုးမရှိ၊ တကယ့်အရေဖျားလှီးခြင်းသည် နှလုံးသားမှဖြစ်ကြောင်း ပြောပြနေပါသည်။ ထို့ကြောင့် ဂျူးအစစ်ဆိုသည်မှာ အတွင်းသဘောမှန်ကန်သူသာဖြစ်ကြောင်းပြောပြနေပါသည်။ အေဗရာဟန်၏သာမန်မျိုးနွယ်ဆက်ဖြစ်ခြင်းက အထူးအခွင့်အရေးများရှိနေပါသည်ဟု မှားယွင်းစွာယုံနေကြသူများ ဤကျမ်းပိုဒ်ကို သေချာဖတ်သင့်ပါသည်။

ထိုသို့ဆိုလျှင် အပြင်ဖက်နှင့်ဆိုင်သောထိုနိမိတ်သင်္ကေတနှစ်မျိုးကြားတွင် အဘယ့်ကြောင့် ခြားနားမှုများရှိနေရပါသနည်း ? အဖြေကို ဓမ္မဟောင်းကာလနှင့်ဓမ္မသစ်ကာလတို့၏ခြားနားမှုတွင် တွေ့နိုင်ပါမည်။ ဓမ္မဟောင်းကာလတွင် အားလုံးသည် ခရစ်တော် ကိုညွှန်ပြနေကြသည်၊ အသွေးသွန်းလောင်းခြင်းတို့နှင့်ပတ်သက်နေကြသည် (ဟေဗြဲ ၁၀း၁၂)။ သို့သော် ခရစ်တော်၏အသွေးတော် သွန်းပြီးသောအခါ၊ သွေးနှင့်ပတ်သက်သောအရာတို့ကို ထပ်လုပ်စရာမလိုတော့ပါ(ဟေဗြဲ ၁၀း၁၂)၊ အရေဖျားလှီးခြင်းပင် မလိုတော့ ပါ။

ထိုအချက်သည် ဗတ္တိဇံနှင့်အရေဖျားလှီးခြင်းတို့ကြားရှိ အဓိကခြားနားချက်ဖြစ်ပါသည်။ အဓိပ္ပါယ်နှင့်တကယ့်အရှိတရားတို့တွင်မူ အတူတူဖြစ်ကြပါသည်။ ကျမ်းစာကိုယ်က ထိုသို့ပြောပါသည်၊ ကောလောသဲ ၂း၁၁–၁၂။ ထိုကျမ်းပိုဒ်သည် အတော်ရှည်သဖြင့်၊ ဘာကိုဆိုလိုကြောင်း သဘောပေါက်ဖို့ အနည်းငယ်ခက်ပါသည်။ နှစ်ပိုင်းပါဝင်နေသည်၊ ပေါလုက ပြောချင်သည်မှာ အရေဖျားလှီးခံခြင်းသည် ဗတ္တိဇံခံခြင်းဖြစ်သည်။ ဂျူးမဟုတ်သောခရစ်ယာန်တို့ကို ပေါလုက သူတို့သည် ခရစ်တော်အားဖြင့်၊ အရေဖျားလှီးခြင်းအပါအဝင် အားလုံးကိုပိုင်ဆိုင်ကြသည်ဟု ပြောပါသည် (၂း၁၀–၁၁)။ ခရစ်တော်အားဖြင့် သူတို့မပိုင်သောအရာတခုမှမရှိ၊ ထိုခရစ်တော်ထံတွင် ဘုရားသခင့်အဖြစ်တော်သည် ပြည့်ဝစွာရှိနေပါသည် (၂း၉)။

အမှန်ပြောရလျှင် အရေဖျားလှီးခြင်းနှင့်ဗတ္တိဇံတို့သည် တူညီသောအဓိပ္ပါယ်ရှိကြယုံသာမကပါ၊ ဝိညာဉ်ရေးရာတကယ့်အရှိတရားနှင့်ပတ်သက်လျှင် အတူတူပင်ဖြစ်ကြပါသည်။ ထို့အတွက်ကြောင့် ဘုရားသခင့်လူတို့ထံ ထိုနိမိတ်လက္ခဏာကို ပေးကြခြင်းဖြစ်သည်။ ယခင်က အရေဖျားလှီးခြင်း၊ ယခု ဗတ္တိဇံပေးခြင်း။ ဓမ္မဟောင်း၊ ဓမ္မသစ် နှစ်ခုစလုံးတွင် ကလေးငယ်များကိုလည်းပေးကြပါသည်။

## မယုံကြည်သူများနှင့်ပဋိညာဉ်အကြောင်း(Unbelievers and the Covenant)

နှစ်ခြင်းဂိုဏ်းများ၏ ကလေးငယ်များအားဗတ္တိဇံပေးခြင်းကို ကန့်ကွက်ကြသည့်အချက်တခုမှာ ဗတ္တိဇံခံသောကလေးငယ်အချို့သည် မပြောင်းလဲသူများဖြစ်ကြသည်၊ မည်သည့်အခါတွင်မျှ ကယ်တင်ခြင်းမရကြသူများဖြစ်ကြမည် ဆိုသောအချက်ဖြစ်သည်။ အမြဲတမ်း ပြောတတ်ကြသည်မှာ ကလေးငယ်များအားဗတ္တိဇံပေးကြသူတို့သည်၊ မပြောင်းလဲသေးသူများ၊ ယုံကြည်ပါသည်ဟု မပြော

ကြသူများကို ဗတ္တိဇံပေးသူများဖြစ်သည်ဟူ၍ဖြစ်ပါသည်။ နှစ်ခြင်းတို့အတွက် ထိုကိစ္စသည် အတော်တဖက်သတ်နိုင်သောအချက် ဖြစ်နေပါသည်။

ထိုကန့်ကွက်ခြင်းကို ကျွန်တော်တို့ အဖြေပေးလိုသည်မှာ၊ နှစ်ခြင်းအသင်း၌ဖြစ်စေ၊ ရီဖော့မ်အသင်း၌ဖြစ်စေ၊ ကယ်တင်ခြင်း ရသူများကိုသာ ဗတ္တိဇံပေးခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နှလုံးသား၏လျှို့ဝှက်ချက်များကို ကျွန်တော်တို့ မသိနိုင်ကြ၍ဖြစ်သည်။ နှစ်ခြင်းတို့ကလည်း အပြင်ဖက်မှ ဝန်ခံချက်ပြုခြင်းကိုသာ ကြည့်၍ဗတ္တိဇံပေးကြရပါသည်။

ထိုအချက်ကို နှစ်ခြင်းအသင်းများမှ မိတ်ဆွေ၊ အသိများထံ ပြောကြသောအခါ၊ သူတို့က ပြန်ဖြေတတ်သည်မှာ၊ "ဘာဘဲ ဖြစ်ဖြစ်၊ ငါတို့က မင်းတို့ထက် ပိုနည်းတဲ့ကယ်တင်ခြင်းမရသူတွေကိုဘဲ ဗတ္တိဇံပေးကြတယ်"ဟူ၍ဖြစ်ပါသည်။ အမှန်တရားမှာ နှစ်ခြင်းဂိုဏ်းတို့က ကယ်တင်ခြင်းမရသူ တဦးတည်းကိုသာဗတ္တိဇံပေးသည်ဆိုဦးတော့၊ သူတို့၏ကြေညာနေသောအမှန်တရားမှာ ပျက်ပြီ ဖြစ်ပါသည်၊ နှစ်ခြင်းတို့က "ယုံကြည်သူများကိုသာဗတ္တိဇံပေးသည်"ဟု တွင်တွင်ကြေညာနေကြ၍၊ ထိုအချက်ပျက်ပြီး "ယုံသည်ဟု ဝန်ခံချက်ပြုသူကိုဗတ္တိဇံပေးသည်"ဟုပြောင်းရတော့မည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ကျမ်းစာက ပြောနေသည်မှာ အရေဖျားလှီးခြင်းဖြစ်စေ၊ ဗတ္တိဇံဖြစ်စေ၊ မယုံကြည်သူများထံလည်း တမင်သက်သက်ပေးပါသည် ဆိုသောအချက်ဖြစ်သည်။ ဣရှမေလသည် ပဋိညာဉ်တွင် ပါဝင်ရမည်မဟုတ်ဟု ဘုရားသခင်က ပြောပြီးသောအခါ(ကမ္ဘာ ၁၇း၁၈–၁၉)၊ အာဗြဟံက ဣရှမေလကို အရေဖျားလှီးခြင်းခံစေပါသည်။ ဣဇက်ကလည်း ဧသောသည် ငြင်းပယ်ခြင်းခံရသူဖြစ်သည်ဟု ဘုရားသခင်ကပြောပြီးသောအခါ၊ ဧသောကို အရေဖျားလှီးခြင်းခံစေပါသည် (ကမ္ဘာယ ၂၅း၂၃–၂၄)။

နှစ်ခြင်းတို့က ထိုခေတ်က အရေဖျားလှီးခြင်းသည် နိုင်ငံတနိုင်ငံ၏အထိမ်းအမှတ်မျှသာဖြစ်သည်ဟု ဇောဒကတက်ကြပြန် ပါသည်။ သို့သော် မမှန်ပါ၊ ကျမ်းစာက အရေဖျားလှီးခြင်းဆိုသည်မှာ "အသွေးအသား၏အပြစ်ကို ခန္ဓာကိုယ်မှနေ၍ ခရစ်တော်၏ အသေခံခြင်းဆိုသော အရေဖျားလှီးခြင်းဖြင့် ဖယ်ထုတ်ပစ်လိုက်ခြင်း"၏အထိန်းအမှတ်သင်္ကေတဖြစ်သည်ဟု ရှင်းနေအောင်ပြောနေ ပါသည် (ကော ၂း၁၁၊ တရား ၁၀း၁၆၊ ၃၀း၆၊ ယေရမိ ၄း၄)။

ဗတ္တိဇံလည်း အတူတူပင်ဖြစ်ပါသည်။ ပင်လယ်နီဖြတ်သန်းကြခြင်းကို ၁ကော ၁၀း၁–၂ က တကယ့်ဗတ္တိဇံအစစ်ဟု ပြော ထားသည်။ ထိုသို့ဖြတ်သန်းခြင်းဖြင့် ဗတ္တိဇံကြသူများတွင် "ငါအတော်မကြိုက်သူများပါသည်"ဟု ဘုရားသခင်ကပြောထားပါသည်၊ ထိုသူများကို နောက်ပိုင်းတွင် သဲကန္တာရထဲ၌သတ်ပစ်ပါသည် (၁ကော ၁၀း၅–၁၀)။ ဟာမသည်လည်း နောဧ၏မိသားစုဝင်ဖြစ်သ ဖြင့် ဗတ္တိဇံခံသူဖြစ်ပါသည် (၁ပေ ၃း၂၀–၂၁)၊ သို့သော် ကယ်တင်ခြင်းမခံရပါ။

မေးဖို့ရန်ကျန်သောမေးခွန်းတခုသာရှိပါတော့သည်၊ "ဘုရားသခင်သည် အဘယ့်ကြောင့် ပဋိညာဉ်နှင့်ကယ်တင်ခြင်း၏နိ မိတ်လက္ခဏာသင်္ကေတအား၊ ဓမ္မဟောင်းနှင့်ဓမ္မသစ် နှစ်ခုစလုံးတွင်၊ ကယ်တင်ခြင်းမခံရသူများကိုလည်း ကယ်တင်ခြင်းခံရသူများ နှင့်အတူ ပေးဖို့ အလိုတော်ရှိရပါသနည်း?" လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ မည်သို့မျှခြားနားမှုမရှိပါ။ နှစ်ခြင်းဂိုဏ်းတို့ကလည်း ထို မေးခွန်းကိုဖြေဖို့လိုပါသည်။

ထိုမေးခွန်း၏အဖြေသည် ဘုရားသခင်၏ထာဝရ ရည်ရွယ်ချက်တွင်တည်နေပါသည်။ တချို့သောသူတို့ကိုသာ ကယ်တင် ခြင်းရစေ၍ အချို့သောသူများကိုတော့ မရစေပါဆိုသောအမှန်တရားအပါအဝင်၊ ဘုရားသခင်သည် အရာအားလုံးကို ထာဝရကာ လမှနေ၍ ခန့်အပ်ထားသည်ဟု ခိုင်မာစွာယုံကြည်နိုင်သူသာ ရှင်းလင်းသော၊ ဝေဝါးမှုမရှိသောအဖြေကို ပေးနိုင်ပါမည်။

ပေးသောအဖြေမှာ ဤသို့ဖြစ်ရပါမည် – ဓမ္မဟောင်းတွင် အရေဖျားလှီးခြင်း၊ ဓမ္မသစ်တွင် ဗတ္တိဇံခံခြင်းတို့သည် ဧဝံဂေလိ တရားဟောခြင်းနှင့်တူသည်၊ ထို့ကြောင့် ၎င်းတို့သည် ကယ်တင်ခြင်း၏ တန်ခိုးနှင့်သက်သေဖြစ်သလို၊ ခေါင်းမာစေခြင်းနှင့် အပြစ် ဒဏ်ခံစေခြင်း၏ တန်ခိုးနှင့်သက်သေလည်း ဖြစ်ကြသည်၊ ထိုသို့ပြုကြခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်းပြုကြခြင်းဖြစ် သည်(၂ကော ၂း၁၄–၁၆)။ ထို့ကြောင့် ကျွန်တော်တို့သည် ကလေးများနှင့်လူကြီးတို့ကို ဗတ္တိဇံပေးကြသည်၊ ဘုရားသခင်က ၎င်းကို အချို့တို့၏ကယ်တင်ခြင်းအတွက်နှင့်၊ ကျန်သောသူတို့၏ အပြစ်ဒဏ်ခံရခြင်းအတွက် အသုံးပြုတော်မူမည်ဟု သေချာသိလျှက် ပေး ကြခြင်းဖြစ်ပါသည်။ မိမိ၏ရည်ရွယ်ချက်အတိုင်း၊ ဣရှမေလ၊ ဧသောနှင့်ဟာမတို့ထံတွင် ပြုတော်မူသကဲ့သို့ ပြုတော်မူခြင်းဖြစ်ပါ သည်။

## ယုံကြည်ခြင်းနှင့်ဗတ္တိဇံအကြောင်း (Faith and Baptism)

ယခုတွင် ကျွန်တော်တို့သည် နှစ်ခြင်းဂိုဏ်းတို့၏ အရေးကြီးသော ငြင်းဆိုချက်နောက်တခုကို ဖြေရှင်းကြပါမည်။ ၎င်းမှာ ဗတ္တိဇံမပေးခင် ယုံကြည်ရမည်ဆိုသောအချက်ဖြစ်သည်။ ထို့ကြောင့် နှစ်ခြင်းတို့က သူတို့ပေးသောနှစ်ခြင်းကို "ယုံကြည်သူ၏ဗတ္တိဇံ" ဟုခေါ်ကြသည်။

ပထဆုံးပြောချင်သည်မှာ နှစ်ခြင်းဂိုဏ်တို့၏ပြောဆိုချက် မဖြစ်နိုင်ခြင်းဖြစ်သည်။ ကျွန်တော်တို့အထက်ကပြောခဲ့သလို၊ နှစ်ခြင်းတို့က အဖြစ်နိုင်ဆုံးဖြင့် လုပ်နိုင်သည်မှာ၊ ယုံကြည်ပါသည်ဟု အပေါ်ယံပြောသူတို့လောက်ကိုသာ နှစ်ခြင်းပေးနိုင်ကြခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မည်သူကမျှ နှလုံးသားကိုမမြင်နိုင်၍ဖြစ်ပါသည်။ ထို့ကြောင့် "ယုံကြည်ပါသည်"ဟု အပေါ်ယံ ကျောပြောယုံမျှဖြင့် အစစ်အမှန်ဖြစ်မည်ဟု မည်သို့မျှ နိဂုံးဆွဲ၍မရပါ။

ထိုသို့ပြောလျှင်၊ နှစ်ခြင်းတို့က ပုံမှန် ပြန်ဖြေတတ်ကြသည်မှာ၊ အထက်ကကျွန်တော်တို့ပြောခဲ့သလို၊ "ငါတို့က မိသားစု လိုက်ဗတ္တိဇံပေးကြသူတွေ၊ ကလေးများကိုဗတ္တိဇံပေးကြသူတွေထက်တော့၊ ပိုနည်းတဲ့မယုံကြည်သူတွေကို ဗတ္တိဇံပေးကြသူတွေ ဖြစ်

တယ်"ဟူ၍သာဖြစ်ပါသည်။ ထိုသို့ပြောနေစရာပင်မလိုအောင်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဟန်ဆောင်သူတဦး (သို့) ယုံကြည်သူအတုတဦးကို နှစ်ခြင်းဂိုဏ်းက နှစ်ခြင်းပေးလိုက်ပြီဆိုသည်နှင့်၊ သူတို့ကြွားနေသော "ယုံကြည်သူ၏ဗတ္တိဇံ"ဆိုခြင်းသည် မဖြစ်နိုင်တော့သောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ၊ ထိုအချက်ကို အဓိကပြောချင်ခြင်းမဟုတ်ပါ။ သခင်ယေရှုက မာကု ၁၆း၁၆ တွင် ဤသို့ပြောထားပါသည်၊ "ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့။" ဤ ကျမ်းပိုဒ်ကို ရှင်းရန်လိုပါသည်၊ အထူးသဖြင့် ဤကျမ်းပိုဒ်သည် ဓမ္မသစ်အသင်းတော်က ဗတ္တိဇံပေးနိုင်သည်ဟု အာမခံချက်ပေး သော အမိန့်တော်ဖြစ်သောကြောင့်ဖြစ်ပါသည်။

ပထမ၊ ဤကျမ်းပိုဒ်က "လူတဦးယုံကြည်မည်၊ ထို့နောက် ဗတ္တိဇံခဲ့လျှင် ကယ်တင်ခြင်းရမည်"ဟု မပြောပါ (ထိုသို့ နှစ်ခြင်းဂိုဏ်းများက ဖတ်တတ်ကြသည်)။ ဤကျမ်းပိုဒ်က ပြောသည်မှာ ကယ်တင်ခြင်းရဖို့ ယုံကြည်ခြင်းနှင့်ဗတ္တိဇံတို့သည် မရှိမဖြစ် လိုအပ်ကြသည်ဟူ၍သာဖြစ်သည်။

ဒုတိယ၊ ယုံကြည်ခြင်းနှင့်ဗတ္တိဇံကို စီစဉ်တကျထိုသို့ဖေါ်ပြနေသဖြင့်၊ ထိုသို့ပင် လက်တွေ့တွင်လည်း ဖြစ်ရမည်ဟု မဆိုလိုပါ။ ၂ပေ ၁း၁၀ တွင် "ခေါ်တော်မူခြင်း"ကို "ရွေးကောက်တော်မူခြင်း"ရှေ့တွင်ထား၍ ဖေါ်ပြသည်၊ သို့သော် ရွေးကောက်ခြင်းက အရင်ကျပါသည်ဟု ကဲလ်ဗင်းဝါဒီများအားလုံးကသိပါသည်။

ထို့ကြောင့် မာကု ၁၆း၁၆ ၌ပါသော အစီအစဉ်သည် အရေးကြီးမှု အစီအစဉ်သာဖြစ်ပါသည်။ ယုံကြည်ခြင်းကို ဗတ္တိဇံရှေ့တွင်ထား၍ဖေါ်ပြသည်၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းက ပို၍အရေးကြီးသောကြောင့်ဖြစ်သည်။ ထိုကျမ်းပိုဒ်၏အဆုံးတွင် ဗတ္တိဇံဆိုသောစကားလုံးကိုပင် ထည့်မထားတော့သည်ကိုတွေ့နိုင်သည်၊ သို့သော် ယုံကြည်ခြင်းကိုတော့ ထပ်ထည့်ထားပါသည်။

အကယ်၍ မာကု ၁၆း၁၆ ၌ပါသော အစီအစဉ်သည် အချိန်နှင့်ပတ်သက်သောအစီအစဉ်ဖြစ်သည်ဆိုလျှင်၊ (သို့) လက်တွေ့တွင်တကယ်ဖြစ်ရမည့်အစီအစဉ်ဖြစ်သည်ဆိုလျှင်၊ အစီအစဉ်သည် ဤသို့ဖြစ်လာပါမည်၊ ယုံကြည်ခြင်း၊ ဗတ္တိဇံ၊ ကယ်တင်ခြင်း။ "တစုံတဦးသည် ယုံကြည်၏၊ ထို့နောက်ဗတ္တိဇံခံ၏၊ ထိုသို့ပြုသူသာကယ်တင်ခြင်းရမည်ဖြစ်၏။" မည်သူကမျှ ထိုအစီအစဉ်ကို လိုချင် မည်မဟုတ်ပါ။

ထပ်ပြောရလျှင်၊ ဓမ္မသစ်ကျမ်းက အချို့သောအဖြစ်အပျက်များတွင်၊ ယုံကြည်ခြင်းက ဗတ္တိဇံထက် အရင်မကျပါဟု ပြောတတ်ပါသည်။ ဥပမာ – တမန်တော် ၁၉း၄ က ယောဟန်ပေးသောဗတ္တိဇံအကြောင်းပြောပြပါသည်၊ ယောဟန်က လူအုပ်ကြီးထံ ဗတ္တိဇံပေးသောအခါ ပြောခဲ့သည်မှာ၊ သူ့နောက်လာသောသူကိုယုံကြည်ကြပါဟုပြောလျှက် ဗတ္တိဇံပေးခြင်းဖြစ်သည်။ သူတို့က ခရစ်တော်ကို ယုံကြည်ကြပြီးသောကြောင့် ဗတ္တိဇံပေးခြင်းမဟုတ်ပါ။

ထို့ကြောင့် တမန်တော် ၁၉း၄ နှင့်ပတ်သက်၍ နှစ်ခြင်းဂိုဏ်းတို့အတွက် နှစ်မျိုးထင်မြင်နိုင်သည်။ ယောဟန်၏ဗတ္တိဇံသည် ဓမ္မသစ်ကျမ်း၏ ဗတ္တိဇံအစစ်မဟုတ်ဟူ၍ဖြစ်ပါမည်။ ထိုသို့ထင်ခြင်းမှားသည်၊ အဘယ့်ကြောင့်ဆိုသော် ဓမ္မသစ်ကျမ်း၏ ဗတ္တိဇံအကြောင်းဖေါ်ပြချက်များ၏ ထက်ဝက်ကျော်မှာ ယောဟန်ပေးသောဗတ္တိဇံအကြောင်းကိုဖြစ်သည်။ နှစ်ခြင်းဂိုဏ်းတို့ထင်သလိုဖြစ်လျှင် ယောဟန်၏ဗတ္တိဇံမှ ဓမ္မသစ်ကျမ်း၏ဗတ္တိဇံ မည်သို့ပေးရမည်ကို နိဂုံးဆွဲနိုင်မည်မဟုတ်ပါ။ (သို့) နှစ်ခြင်းဂိုဏ်းတို့က နောက်တမျိုးလည်း မြင်နိုင်ပါသည်၊ ယုံကြည်ခြင်းသည် အမြဲတမ်း ဗတ္တိဇံရှေ့ ကျစရာမလိုပါ။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

+++++++++++++++++++++++++++++++++++++++

သုတ္တံ ၆း၁–၃၅ (ဂျိန်းဘုရင်မူ)
၁ – ငါ့သား အကယ်၍ သင်သည် သင့်သူငယ်ချင်းအတွက် အာမခံမိလျှင်၊ အကယ်၍ သူစိမ်းနှင့်လက်ဝါးခြင်းရိုက်မိလျှင်၊
၂ – သင်သည် သင့်နှုတ်၏စကားလုံးတို့ဖြင့် ကျော့မိပြီဖြစ်သည်၊ သင့်နှုတ်၏စကားလုံးတို့ဖြင့် အဖမ်းခံရပြီဖြစ်သည်။
၃ – ငါ့သား၊ ယခုပင် ဤသည်ကိုပြုလုပ်ပါ၊ သင်သည် သင့်သူငယ်ချင်း၏လက်သို့ရောက်ချိန်တွင် သင်ကိုယ်သင် ကယ်ထုတ်ပါ၊ မိမိကိုယ်ကို နှိမ့်ချပါ၊ သင့်သူငယ်ချင်းကို နားပူနားဆာလုပ်ပါ။
၄ – သင့်မျက်လုံးတို့ကို အိပ်မပျော်စေနှင့်၊ သင့်မျက်ခမ်းတို့ကို မငိုက်စေနှင့်။
၅ – မုဆိုးလက်မှ ဒရယ်ကဲ့သို့ မိမိကိုယ်ကို ကယ်လွှတ်လော့။
၆ – ပုရွက်ဆိတ်ထံသို့သွားပါ အသင် လူပျင်း၊ သူ၏လမ်းတို့ကို သုံးသပ်ဆင်ခြင်ပါ၊ ထို့နောက် ပညာရှိပါ၊
၇ – သူ့ထံတွင် လမ်းညွှန်သူ၊ ကြီးကြပ်ကွပ်ကဲသူ၊ (သို့) ခေါင်းဆောင် မရှိပါ၊
၈ – နွေရာသီအတွက် အစာကို စီစဉ်သည်၊ ထို့နောက် သီးနှံရိတ်သိမ်းချိန်တွင် အစာကို စုထားပါသည်။
၉ – အိုး လူပျင်း၊ သင်သည် မည်မျှကြာအောင် အိပ်နေမည်နည်း? သင်၏အိပ်ပျော်ခြင်းမှ မည်သည့်အခါ နိုးလာမည်နည်း?
၁၀ – ခဏလေးအိပ်နေစဉ်၊ အနည်းငယ်မျှ ငိုက်နေစဉ်၊ အိပ်ရန်အတွက် လက်နှစ်ဖက်ကို ခဏပိုက်ထားစဉ်၊
၁၁ – သင်၏ဆင်းရဲခြင်းသည် ခရီးသွားကဲ့သို့ ရောက်လာပါလိမ့်မည်၊ သင်၏လိုအပ်မှုတို့သည် လက်နက်စုံဝတ်ဆင်ထားသူကဲ့သို့ ရောက်လာမည်ဖြစ်သည်။

၁၂ – ဆိုးသောသူ၊ ဆိုးယုတ်သူသည် ကောက်လိမ်သောနှုတ်နှင့်သွားလာပါသည်။

၁၃ – သူသည် မျက်စိမိတ်ပြလျှက်၊ ခြေဖြင့်အချက်ပြလျှက်၊ လက်တို့ဖြင့် သင်ပေးပါသည်၊

၁၄ – သူ၏နှလုံးသားတွင် ကွေ့ကောက်ခြင်းရှိနေသည်၊ သူတပါးအားဒုက္ခပေးရန် အမြဲကြံစည်နေသည်၊ သဘောထားကွဲလွဲခြင်းကို စိုက်ပျိုးတတ်သည်။

၁၅ – ထို့ကြောင့် ဘေးဒုက္ခသည် သူ့ထံ ချက်ခြင်းရောက်တတ်ပါသည်၊ ရုတ်တရက်သူသည် ကုစား၍မရအောင် ပျက်ဆီးသွားတတ်ပါသည်။

၁၆ – ဘုရားသခင်က ဤအရာခြောက်မျိုးကို မုန်းပါသည်၊ မုန်သည်၊ ဘုရားသခင်အတွက် ရွံမုန်းစရာ ခုနှစ်မျိုးရှိပါသည်၊

၁၇ – မာနကြီးသောမျက်နှာ၊ လိမ်ညာသောလျှာ၊ အပြစ်မဲ့သူ၏အသွေးကို သွန်းသော လက်များ၊

၁၈ – ဆိုးယုတ်သောစိတ်ကူးတို့ကို ကြံစည်သောနှလုံးသား၊ ဒုက္ခပေးဖို့ရန် လျှင်မြန်စွာပြေးသောခြေ၊

၁၉ – လိမ်ညာခြင်းကိုပြောသည့် မှားသောသက်သေ၊ ညီအကိုတို့ကြား သဘောထားကွဲလွဲမှုကို စိုက်ပျိုးသူ စသည်တို့ဖြစ်သည်။

၂၀ – ငါ့သား၊ သင့်ဖခင်၏ပညတ်ကို စောင့်ရှောက်ပါ၊ သင်မိခင်၏ဥပဒေသကို မစွန့်ပစ်နှင့်၊

၂၁ – ၎င်းတို့ကို သင်၏နှလုံးသာ၌ ချည်ထားလော့၊ သင်၏လည်၌ ဆွဲထားလော့။

၂၂ – သင်သွားသောအခါ ၎င်းက သင့်ကို ဦးဆောင်လိမ့်မည်၊ သင်အိပ်သောအခါ ၎င်းက သင့်ကို စောင့်ရှောက်လိမ့်မည်၊ သင်နိုးနေသောအခါ ၎င်းက သင့်ကို စကားပြောလိမ့်မည်။

၂၃ – အဘယ့်ကြောင့်ဆိုသော် ပညတ်တော်သည် မီးအိမ်ဖြစ်သည်၊ ဥပဒေသသည် အလင်းဖြစ်သည်၊ သွန်သင်ဆုံးမခြင်းတို့သည် အသက်ရှင်ခြင်းလမ်းဖြစ်ပါသည်၊

၂၄ – သင့်ကို ဆိုးသောမိန်းမထံမှ စောင့်ရှောက်မည်၊ သူစိမ်းမိန်းမ၏ မြှောက်ပင့်သောစကားတို့မှ စောင့်ရှောက်မည်ဖြစ်သည်။

၂၅ – သင်၏နှလုံးသား၌ ထိုမိန်းမ၏အလှကို မတပ်မက်နှင့်၊ သူမ၏မျက်ခမ်းတို့ဖြင့် သင့်ကို ခေါ်မသွားမိစေနှင့်။

၂၆ – အဘယ့်ကြောင့်ဆိုသော် ပြည့်တန်ဆာမနှင့်တူသောမိန်းမအားဖြင့် ယောကျ်ားတဦးသည် ပေါင်မုန့်တလုံးသို့ ခေါ်ဆောင်ခြင်းခံရတတ်သည်၊ နောက်မီးလင်းသူသည် တန်ဖိုးရှိသောအသက်ကို အမဲလိုက်လိမ့်မည်။

၂၇ – လူသည် မိမိ၏အဝတ်အစားတို့ကို မလောင်စေဘဲ၊ မီးကိုသူ့ရင်ခွင်တွင် ပွေ့ဖက်ထားနိုင်ပါသလော?

၂၈ – တစုံတဦးသည် သူ့ခြေထောက်ကိုမီးမလောင်စေဘဲ၊ တောက်လောင်နေသောမီးသွေးခဲတို့အပေါ် သွားနိုင်ပါသလော?

၂၉ – မိမိအိမ်နီးချင်း၏ဇနီးထံ ဝင်သွားသူသည် ထိုသို့ဖြစ်ပါမည်၊ သူမအား ထိသူ မည်သူမဆိုသည် အပြစ်မဲ့သူမဖြစ်နိုင်ပါ။

၃၀ – တစုံတဦးသည် မိမိ၏ဆာလောင်နေသောဝိညာဉ်ကို ကျေနပ်စေရန် ခိုးလျှင်၊ ထိုသူကို လူတို့က အပြစ်မတင်ကြပါ၊

၃၁ – သို့သော် သူသည် အမိခံရလျှင်၊ ခုနှစ်ဆပြန်ပေးရမည်၊ သူ့အိမ်၌ရှိရှိသမျှကို ပေးရလိမ့်မည်။

၃၂ – သို့သော် သိနားလည်ခြင်းကင်းမဲ့သော လင်ရှိမိန်းမနှင့်ဖေါက်ပြန်သူတိုင်းသည်၊ မိမိ၏ဝိညာဉ်ကို ဖျက်ဆီးသူဖြစ်သည်။

၃၃ – ထိုသူသည် ထိခိုက်ဒဏ်ရာနှင့်ဂုဏ်သရေညှိုးနွမ်းခြင်းကို ရလိမ့်မည်၊ ထို့အပြင် သူ၏အရှက်ကွဲခြင်းသည် မည်သည့်အခါမှ ဖျက်ပစ်၍ မရနိုင်ပါ။

၃၄ – အဘယ့်ကြောင့်ဆိုသော် မနာလိုခြင်းသည် ဒေါသူပုန်ထနေသူဖြစ်သည်၊ ထို့ကြောင့် သူသည် လက်စားချေခြင်းနေ့ရက်တွင် အသနားမခံရနိုင်ပါ။

၃၅ – သူသည် မည်သည့်လျော်ပေးခြင်းကိုမှ ဂရုစိုက်မည်မဟုတ်၊ ထို့အပြင် များစွာသောလက်ဆောင်များကို ပေးလျှင်လည်း ကျေနပ်မည်မဟုတ်။

××××××××××××××××××××××

ဂလာတိ ၆း၁–၁၈ (ကျိန်းဘုရင်မှု)

၁ – ညီအကိုတို့၊ အကယ်၍တစုံတဦးသည် မှားယွင်းခြင်းပြုမိလျှင်၊ ဝိညာဉ်ရေးရာ၌ အားကြီးသောသင်တို့က ထိုသို့သောသူကို နူးညံ့သောဝိညာဉ်ဖြင့် နေရာမှန်ပြန်ပို့ကြလော့၊ သင်တို့ကိုယ်ကိုလည်း သတိထားဆင်ခြင်ကြပါ၊ သို့မဟုတ်ပါက သင်သည်လည်း စုံးစမ်းခြင်းခံရမည်စိုးရပါသည်။

၂ – တဦး၏ဝန်ထုပ်ဝန်ပိုးတို့ကို တဦးကထမ်းပေးကြလော့၊ ထိုသို့ သခင်ဘုရား၏ပညတ်တော်ကို ပြည့်စုံစေကြလော့။

၃ – အဘယ့်ကြောင့်ဆိုသော် သူသည် မည်သည်မျှ မဟုတ်ဘဲနှင့် တစုံတဦးက မိမိကိုယ်ကို တစုံတဦးဖြစ်သည်ဟုထင်လျှင်၊ သူသည် မိမိကိုယ်ကို လိမ်ညာသူဖြစ်သည်။

၄ – သို့သော် လူတိုင်း မိမိတို့အလုပ်သည်မှန်ကန်ကြောင်း သက်သေပြကြစေ၊ ထိုအခါ သူသည် သူတပါး၏အမှု၌မဟုတ်ဘဲ၊ မိမိ၏အမှု၌ဝမ်းမြောက်သူဖြစ်မည်။

၅ – အဘယ့်ကြောင့်ဆိုသော် လူတိုင်း မိမိ၏ဝန်ထုတ်ဝန်ပိုးကို ထမ်းရွက်ရမည်ဖြစ်သည်။

၆ – နှုတ်ကပတ်တော်သင်ကြားပေးခြင်းခံရသူသည်၊ သူ့အား သင်ပေးသူထံ ကောင်းသောအရာများအားလုံးကို ဝေမျှပါစေ။

၇ – အညာမခံကြနှင့်၊ ဘုရားသခင်သည် အလှောင်အပြောင် ခံတော်မမူ၊ အဘယ့်ကြောင့်ဆိုသော် လူသည် မိမိစိုက်သည်အတိုင်း ရိတ်ရလိမ့်မည်ဖြစ်သည်။

၈ – အဘယ့်ကြောင့်ဆိုသော် မိမိ၏အသွေးအသားသို့ စိုက်ပျိုးသူသည် အသွေးအသားနှင့်ဆိုင်သော ပျက်စီးခြင်းကို ရိတ်ရလိမ့်မည်၊ သို့သော် ဝိညာဉ်သို့ စိုက်ပျိုးသူမှာ ဝိညာဉ်နှင့်ဆိုင်သော ထာဝရအသက်ကို ရိတ်ရမည်ဖြစ်သည်။
၉ – ထို့နောက် ငါတို့သည် ကောင်းမွန်စွာလုပ်ကိုင်ခြင်းတို့၌ စိတ်မပျက်ဘဲနေကြမည်၊ အဘယ့်ကြောင့်ဆိုသော် အကယ်၍ ငါတို့သည် အားလျှော့မသွားလျှင် အချိန်တန်သောအခါ၊ ငါတို့သည် ရိတ်သိမ်းကြရဦးမည်ဖြစ်သည်။
၁၀ – ထို့ကြောင့် ငါတို့သည် အခွင့်အရေးရကြသည်အတိုင်း၊ လူတိုင်းထံသို့ ကောင်းမြတ်ခြင်းကို လုပ်ကြပါမည်၊ အထူးသဖြင့် ယုံကြည်ခြင်းအိမ်ထောင်စုထဲရှိနေကြသူတို့ထံတွင်ဖြစ်သည်။
၁၁ – ငါ၏လက်ဖြင့် မည်မျှလောက်ကြီးသောစကားလုံးကိုရေးကြောင်း သင်တို့ မြင်ကြပြီဖြစ်သည်။
၁၂ – အသွေးအသားအားဖြင့် လူတို့၏ချီးမြှောက်မှုခံချင်သူ ရှိသမျှတို့က၊ သင်တို့ကို အတင်းအကြပ် အရေဖျားလှီးခံကြရန် နိုင်းကြခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ခရစ်တော်၏လက်ဝါးကပ်တိုင်ကြောင့် ခံရသောဒုက္ခများကို ရှောင်နိုင်ကြရန်ဖြစ်သည်။
၁၃ – အဘယ့်ကြောင့်ဆိုသော် အရေဖျားလှီးခြင်းကိုခံကြသော သူတို့ကိုယ်တိုင်ကလည်း ပညတ်တော်များကို မစောင့်ထိန်းကြပါ၊ သို့သော် သင်တို့ကို အရေဖျားလှီး ခံစေချင်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့၏အသွေးအသားဖြင့် ကြွားနိုင်ကြရန်ဖြစ်သည်။
၁၄ – သို့သော် ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်မှလွဲ၍ မည်သည်ကိုမှမကြွားရန် ဘုရားသခင်က ငါ့ကို တားမြစ်တော်မူသည်၊ ထိုသခင်အားဖြင့် ကမ္ဘာကြီးသည် ငါ့ထံသို့ လက်ဝါးကပ်တိုင်ပေါ် ရိုက်ထားလျက်ရှိသည်၊ ငါသည်လည်း ကမ္ဘာကြီးသို့ ရိုက်ထားခြင်း ခံရပါသည်။
၁၅ – အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ယေရှု၌ အရေဖျားလှီးခံခြင်းသည် ဘာအတွက်မှ အကျိုးမရှိပါ၊ ထို့အတူ မခံခြင်းလည်း ဖြစ်သည်၊ သို့သော် အသစ်သောသတ္တဝါဖြစ်ခြင်းသာ အကျိုးရှိသည်။
၁၆ – ဘုရားသခင်၏အစ္စရေးလည်းဖြစ်ကြသော၊ ဤဥပဒေသအားဖြင့် လျှောက်လှမ်းကြသူတိုင်းထံ၊ ငြိမ်းချမ်းခြင်းနှင့်ဂရုဏာ ရှိပါစေသတည်း။
၁၇ – ယခုမှစ၍ မည်သူမှ ငါ့ကို ပြဿနာမပေးကြတော့နှင့်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် မိမိကိုယ်ခန္ဓာပေါ်၌ သခင်ယေရှု၏ အမှတ်အသားများကို သယ်ဆောင်ထားပါသည်။
၁၈ – ညီအကိုတို့၊ ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့ဝိညာဉ်များနှင့်အတူ ရှိပါစေသတည်း။ အာမင်။

++++++++++++++++++++++++++

### သခင်ဘုရား၏နေ့ (၇)

၂၀။ ထိုသို့ဆိုလျှင် လူအားလုံး အာဒံထံ၌သေဆုံးခဲ့ကြသကဲ့သို့ သခင်ခရစ်တော်အားဖြင့် ကယ်တင်ခြင်းကို ရကြပါသလား?

မရကြပါ။ သူ့ထံ၌ ကိုင်းဆက်စိုက်ပျိုးခြင်းခံကြရသူများသာ၊ စစ်မှန်သောယုံကြည်ခြင်းအားဖြင့် သူ၏အကျိုးကျေးဇူးအားလုံးကို လက်ခံသူများသာ ကယ်တင်ခြင်းရကြသည်။ (မဿဲ ၁း၂၁၊ ဟေရှာ ၅၃း၁၁၊ ယော ၁း၁၂–၁၃၊ ရော ၁၀း၂၀၊ ဟေဗြဲ ၁၀း၃၉)

၂၁။ စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာအဘယ်နည်း?

စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာ၊– အသိပညာတမျိုးဖြစ်သည်၊ ၎င်းအားဖြင့် ကျွန်ုပ်သည် ဘုရားသခင်က သူ၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့ထံ ဖေါ်ပြသည်များအားလုံး မှန်သည်ဟု ခံယူပါသည်။ ထို့မျှသာမကပါ  သေချာလှသော ယုံကြည်စိတ်ချရမှုလည်းဖြစ်သည်၊ ၎င်းကို ကျွန်ုပ်၏နှလုံးသားအတွင်း၌ သန့်ရှင်းသောဝိညာဉ်တော်က ဧဝံဂေလိတရားအားဖြင့် လုပ်ပေးသည်၊ ထိုစိတ်ချရမှုဆိုသည်မှာ သခင်ခရစ်တော်၏ ထိုက်တန်ခြင်းများကြောင့် ကျေးဇူးတော်သက်သက်ဖြင့် ဘုရားသခင်သည် အခြားသူများကိုသာမက၊ ကျွန်ုပ်ကိုလည်း အပြစ်မှခွင့်လွှတ်ခြင်း၊ ထာဝရဖြောင့်မတ်ခြင်းနှင့်ကယ်တင်ခြင်းတို့ကို အဖိုးအခမယူဘဲ ပေးခြင်းဖြစ်သည်။
(ယော ၆း၆၉၊ ဟေဗြဲ ၁၁း၃–၆၊ ဖေက် ၃း၁၂၊ ရော ၄း၁၆၊၂၀–၂၁၊ ဟေဗြဲ ၁၁း၁၊ ရော ၁း၁၆၊ ၁ကော ၁း၂၁၊ တမန် ၁၆း၁၄၊ မဿဲ ၁၆း၁၇၊ ယော ၃း၅၊ ရော ၁၀း၁၄၊၁၇၊ မဿဲ ၉း၂၊ ရော ၅း၁၊ ဂလာ ၂း၂၀၊ ရော ၃း၂၄–၂၆)

၂၂။ ဤသို့ဆိုလျှင် ခရစ်ယာန်တယောက်က မည်သည်ကို မဖြစ်မနေ ယုံကြည်ရနည်း?

ဧဝံဂေလိတရား၌ ဂတိထားသည့်အရာများအားလုံးဖြစ်သည်၊ ၎င်းတို့ကို ကျွန်ုပ်တို့၏ သံသယဖြစ်စရာမလိုသော ခရစ်ယာန်ယုံကြည်ချက်စာပိုဒ်များက အကျဉ်းချုပ်၍ ကျွန်ုပ်တို့ကို သင်ပေးပါသည်။ (ယော ၂၀း၃၀၊ မဿဲ ၂၈း၁၉–၂၀)

၂၃။ ထိုစာပိုဒ်များကားအဘယ်နည်း?

ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသူ အနန္တတန်ခိုးရှင် ခမည်းတော် ဘုရားသခင်ကို ကျွန်ုပ်ယုံကြည်ပါသည်။
ကျွန်ုပ်တို့၏သခင်၊ သူ၏တပါးတည်းသောသားတော် သခင်ယေရှုခရစ်တော်ကို ကျွန်ုပ် ယုံကြည်ပါသည်။
သူသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေယူ၍၊ အပျိုစင်စစ်မာရိအားဖြင့် ဖွားမြင်တော်မူသည်။
ပုန္တိပိလတ်မင်းလက်ထက်၌ ဒုက္ခများကို ခံစားလျှက်၊ လက်ဝါးကပ်တိုင်တွင် တင်ထားခံရသည်။ သေသည်။ မြှုပ်နှံခံသည်။ သူသည် ငရဲသို့လည်း ဆင်းသက်ခဲ့ပါသည်။
သုံးရက်မြောက်နေ့တွင် သေခြင်းမှ ပြန်လည်ရှင်ပြန်ထမြောက်ခဲ့သည်။
ထို့နောက် ကောင်းကင်သို့ တက်၍၊ အနန္တတန်ခိုးရှင် ခမည်းတော်ဘုရား၏လက်ျာဘက်၌ ထိုင်တော်မူပါသည်။

သူသည် သေသူရှင်သူတို့ကို တရားစီရင်ရန် ထိုနေရာမှ ပြန်လာဦးမည်ဖြစ်သည်။
သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ် ယုံကြည်ပါသည်။
သန့်ရှင်းသောကက်သလစ်အသင်းတော်တပါးနှင့် သန့်ရှင်းသူတို့မိတ်သဟာယဖွဲ့ခြင်းကို ကျွန်ုပ်ယုံကြည်ပါသည်။
အပြစ်များမှ ခွင့်လွှတ်ခြင်း၊
ခန္ဓာကိုယ် ရှင်ပြန်ထမြောက်ခြင်းနှင့်
ထာဝရအသက်ရှိသည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ အာမင်။

××××××××××××××××××××××××××××××××××××××××

## သူပါးတဆူဘုရားသခင်အား
## သူပြောပြသောနည်းလမ်းဖြင့်သာကိုးကွယ်သောခရစ်ယာန်တို့၏
## ကိုယ်ကျင့်တရားတည်ဆောက်ပုံ

ဒုတိယပညတ်တော် – သင်သည် မိမိအဘို့ မည်သည့်ထွင်းထုသောရုပ်တုကိုမျှ မလုပ်ရ၊ (သို့) ကောင်းကင်ပေါ်တွင်ရှိသောအရာ၊ (သို့) မြေကြီးပေါ်၌ရှိသောအရာ၊ (သို့) မြေကြီးအောက် ရေထဲ၌ရှိသောအရာတခုခုနှင့် တူသောအရာကို မလုပ်ရ၊ ထိုအရာတို့ရှေ့၌ သင် မိမိကိုယ်ကို ဦးမညွတ်ရ၊ သူတို့အမှုကို မထမ်းဆောင်ရ၊ အ ဘယ့်ကြောင့်ဆိုသော် သင်၏သခင် ငါ ဘုရားသခင်သည် အလွန်စိတ်အားထက်သန်သောဘုရားဖြစ်သည်၊ ငါကိုမုန်းသောသူတို့၏ မျိုးနွယ်ဆက် သုံးဆက်၊ လေးဆက်တိုင်အောင် ဖခင်တို့၏အပြစ်များကို သားသမီးတို့ပေါ်သို့ ရောက်စေသူဖြစ်သည်။ ထို့အပြင် ငါ့ကိုချစ်သောသူ၊ ငါ့ပညတ်တို့အား စောင့်ထိန်းသူတို့၏ မျိုး နွယ် ဆက် ထောင်ပေါင်းများစွာထိအောင် ဂရုဏာကို ပြသူဖြစ်သည်။

➢ ခရစ်ယာန်ဟာ သူ့ရဲ့သုံးပါးတဆူဘုရားသခင်ကို ဘုရားသခင်ပေါ်ပြထားတဲ့ပုံစံအတိုင်းကိုးကွယ်လျှက် ကိုယ်ကျင့်တရားတည် ဆောက်ပါတယ်။ ဒီကျမ်းပိုဒ်က ရုပ်တုကိုးကွယ်တာကိုပြောနေတယ်ထင်ရပေမဲ့၊ တကယ်က ဘုရားမပြောတဲ့နည်းနဲ့ ဘုရားကို ကိုးကွယ်လို့မရဘူးဆိုတာကို ပြောနေတာဖြစ်တယ်။ ကြည့်ရင် အတူတူလို့ထင်ရပေမဲ့မတူပါဘူး။ မတူပုံကိုဥပမာပေးပါ့မယ်။

မောရှေ ဆိုင်းနိုင်းတောင်ပေါ်မှာ ဘုရားသခင်ရဲ့ပညတ်တော်တွေကို လက်ခံနေချိန် နည်းနည်းကြာသွားခဲ့ပါတယ်။ အဲဒီအခါမှာ အစ္စရေးထဲက ဗယုတ်သုတ်ခတွေက၊ ဘုရားပွဲကျင်းပချင်လာတယ်၊ အလေလိုက်ချင်တာကို ဘာသာရေးခုတုံးလုပ်တာပေါ့။ မောရှေရဲ့အကို အာရုန်က သူတို့စီက ရွှေခတွေယူပြီး နွားကလေးရုပ်သွန်းလုပ်ပေးတယ်။ ပြီးတော့ အဲဒါကို “မင်းတို့ကို အီဂျစ်ပြည်ကကယ်တင်သောဘုရား”လို့ အမည်တပ်ပြီး၊ ကမြင်းကျောထ ကခုန်သောက်စား ဘုရားပွဲလုပ်ကြတော့တာဘဲ။ ဒါကို ဒုတိယပညတ်ကပြောပြနေတာဖြစ်တယ် (ထွက် ၃၂း၁–၄)။

အာရုန်က ရုပ်တုကိုးကွယ်တာမဟုတ်ဘူး။ ဘုရားကိုကိုးကွယ်တာ၊ ဒါပေမဲ့ ရုပ်တုအားဖြင့် ဖြစ်တယ်၊ ဘုရားပြောသလိုနဲ့ မဟုတ်ဘူး။ ပြီးတော့ ဘုရားပွဲအကြောင်းပြပြီး၊ လိင်မှုကိစ္စကို စည်းပျက်ကမ်းပျက်လုပ်တာ။ ဒါမျိုးကို ဒီနေ့ ခရစ်ယာန်တွေကြားမှာ ပုံစံတူတွေ အမြဲတွေ့နေရပါတယ်။

ဒါ့ကြောင့် ဒုတိယပညတ်တော်အရ၊ ခရစ်ယာန်ဟာ သုံးပါးတဆူဘုရားသခင်ကို ကျမ်းစာမှာပြောပြတဲ့အတိုင်း ကိုးကွယ်ပါတယ်။ ကျမ်းစာက ဘုရားသခင်ကို ဘယ်လိုကိုးကွယ်ရမယ်ဆိုတာကို သေချာအတိအကျပြောပါတယ်။ ကိုးကွယ်တဲ့နေရာမှာ သုံးမျိုးရှိပါတယ်။ တနင်္ဂနွေနေ့ ယုံကြည်သူတွေနေရာတခုမှာ နှစ်ကြိမ်ဝတ်ပြုခြင်း။ ကျွန်တော် ဘုရားကျောင်းလို့မသုံးချင်ဘူး။ နေရာတခုမှာလို့ဘဲ သုံးချင်တယ်။ ဘယ်နေရာလည်းဆိုတာ အဓိကမကျဘူး၊ စုဝေးခြင်းဆိုတာ အဓိကကျတယ်။ နောက်ဝတ်ပြုခြင်းကတော့ ညစဉ် မိသားစု ကျမ်းစာဖတ်ဆုတောင်းခြင်းဖြစ်တယ်။ အဖေက ကျမ်းစာတပိုဒ်ဖတ်တယ်၊ အနည်းငယ်ရှင်းပြတယ်၊ ပြီးတော့ တမိသားစုလုံးအတွက် အဖေက ဆုတောင်းပေးတယ်။ နောက်ဆုံးဝတ်ပြုခြင်းကတော့၊ တဦးချင်း ကျမ်းစာဖတ် ဆုတောင်းခြင်းဖြစ်တယ်။

ဒီသုံးမျိုးစလုံးကို ကျမ်းစာက ဘယ်လိုလုပ်ရမယ်လို့ ကောင်းကောင်းပြောပြတယ်။ အဲဒီကျမ်းစာမှာမပါတာ လုပ်စရာမလိုဘူး။ လုပ်ရင် ပညတ်တော်နံပတ်နှစ်ကိုဆန့်ကျင်တာဖြစ်သွားပါတယ်။ ခရစ်ယာန်အမြောက်အများ ဂရုမစိုက်တာက ဒါဘဲဖြစ်တယ်။ အမြဲတမ်း လူတွေသဘောကျဖို့ ဘယ်လိုလုပ်ရမလဲလို့ဘဲ စဉ်းစားနေကြတယ်။ ဈေးဆိုင်တွေက သူတို့ပစ္စည်းတွေကို လူအများက သဘောကျဖို့ မျိုးစုံပရိုမိုးရှင်းလုပ်ကြတယ်၊ ကြော်ညာကြတယ်။ ဒါတွေကိုကြည့်ပြီး ခရစ်ယာန်တွေကလည်း လူတွေစိတ်ဝင်စားအောင် မျိုးစုံလျှောက်လုပ်ကြတယ်။ လုပ်ရင်းနဲ့ရလဒ်ကတော့ ဘုရားရှိခိုးခြင်းဟာ ဈေးဆိုင်နဲ့ပိုတူလာတာဘဲဖြစ်တယ်။ ဒါ့ကြောင့် ခရစ်ယာန်အစစ်ကတော့ ဒီပညတ်ကို သတိထားပြီး၊ ဘုရားပြောသလို ငါဝတ်ပြုသလားဆိုတာ အမြဲမေးပါတယ်။ ငါ ဘုရားကိုဝတ်ပြုသလားဆိုတာကအရေးကြီးသလို၊ ဘယ်လိုဝတ်ပြုသလဲဆိုတာလည်း အရေးကြီးပါတယ်။

နောက်တချက်ပြောချင်တာက၊ ယေရှုပုံတော်ဆိုတဲ့ကိစ္စဖြစ်တယ်။ လမ်းဘေးမှာ၊ ခရစ်ယာန်စာအုပ်ဆိုင်တွေမှာ၊ ယေရှုပုံဆိုပြီးရောင်းနေတာ၊ ဒုတိယပညတ်တော်ကို ချိုးဖေါက်တာဖြစ်တယ်။ ခရစ်တော်ရဲ့ပုံကို အစကထဲက ဘယ်သူကမှမဆွဲခဲ့ပါဘူး။ ရိုမန်ကက်သလစ်တွေလွှမ်းမိုးလာမှ၊ အေဒီ ၆၀၀ နောက်ပိုင်း၊ ပေါ်လာကြတာဖြစ်တယ်။ ခရစ်တော်ကို တွေ့ခဲ့သူများက မဆွဲကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆွဲလို့မရဘူး။ တချို့ကပြောတယ်၊ ခရစ်တော်ဟာ ဘုရားဖြစ်လို့ ပုံဆွဲမရတာ၊ ဒါပေမဲ့ သူကလူသားလည်းဖြစ်တော့ သူ့ရဲ့လူသားဖြစ်ခြင်းဖက်ကိုတော့ ဆွဲလို့ရမှာပေါ့။ ဒါလည်း မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ဘုရားဖြစ်ခြင်းနဲ့လူသားဖြစ်ခြင်းကို လုံးဝခွဲထုတ်လို့မရလို့ပါဘဲ။ ဖိလစ်က တခါတော့ သခင်ယေရှုကိုမေးတယ်၊ ခမည်းတော်ကို သူတွေ့ချင်လိုက်တာတဲ့၊

အဲဒီအခါမှာ ခရစ်တော်ကပြန်ပြောပါတယ်၊ ငါ့ကိုတွေ့တာဟာ ခမည်းတော်ကိုတွေ့တာနဲ့အတူတူဘဲတဲ့၊ ဒါ့ကြောင့် ဘုရားသခင်ဟာ နမ်ဝိညာဉ်ဖြစ်လို့ တွေ့လို့မရတာကို ခရစ်တော်အားဖြင့်တွေ့နိုင်တဲ့အတွက် ခရစ်တော်ကို ပုံဆွဲလို့မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခမည်းတော်ကို ပုံဆွဲလို့မရလို့ပါ(ယော ၁၄း၈-၉)။ ဒါ့ကြောင့်ခရစ်ယာန်အစစ်ဟာ ခရစ်တော်ရဲ့ပုံဆိုတာတွေကို ပိုက်ဆံအကုန်ခံ ဝယ်မနေပါဘူး၊ ဘာလို့လဲဆိုတော့ အတုကြီးဖြစ်လို့ဘဲ။

နောက်ဆုတောင်းခြင်းကိုပြောရအောင်၊ ဆုတောင်းခြင်းဆိုတာ ကျမ်းစာကပြောလို့လုပ်တာမှန်တယ်။ ဒါပေမဲ့ ဆုတောင်းပုံဆုတောင်းနည်းတွေက အာရှရဲ့အစွဲရေးတွေ ရွှေနွားရုပ်ကိုးကွယ်သလိုဖြစ်နေကြပါတယ်။ တဦးချင်းတောင်းရမဲ့အစား၊ အုပ်စုလိုက်ကြီး ဝူးဝူးဝါးဝါးအော်နေကြတာ၊ မြန်မာစကားပုံကပြောတဲ့ ကုလားသိုက်ကျားဝင်ကိုက်သလို ဖြစ်နေပါတယ်။ ဘုရားသခင်က အဲဒီလိုဆုတောင်းခြင်းကို အသိအမှတ်မပြုပါဘူး။ ပြီးတော့၊ ၂၄ နာရီတရက်လုံး အုပ်စုတွေခွဲပြီးဆုတောင်းမယ်၊ ဘုရားသခင်ကို အဆက်မပြတ် သတင်းပို့မယ်လို့ပြောတာလည်း ရုပ်တုအားဖြင့် ဘုရားသခင်ကို ကိုးကွယ်ဖို့ ပြင်ဆင်တာဘဲဖြစ်တယ်။ ဘုရားသခင်က အသိအမှတ်မပြုပါဘူး။ ဘာနဲ့တူနေသလဲဆိုတော့၊ ပုရောဖက် ဧလိယနဲ့ ဗားလ်နတ်ဘုရားကြီးရဲ့ပုရောဟိတ် ၅၀၀ တို့ပြိုင်နေကြသလိုဘဲ၊ သူတို့ဘုရားက အိပ်ငိုက်နေလို့ ဝူးဝူးဝါးဝါးအော်ပြီးဆုတောင်းနေကြတာလား၊ ဒါမှမဟုတ် အလုပ်များနေလို့လား၊ ဒါမှမဟုတ် ခရီးသွားနေလို့လား။ ဘုရားသခင်က ကျွန်တော်တို့ မတောင်းခင်ကထဲက ကျွန်တော်တို့ ဘာလိုချင်သလဲဆိုတာ သိပြီးသားပါ။ မသိတာက ကျွန်တော်တို့ဖြစ်တယ်။ တချို့ကိစ္စတွေဆိုရင် တာဝန်ကျေလောက်သာတောင်းကြတာ၊ တချို့ကိစ္စတွေကျတော့ ဝတ်ကျေတန်းကျေသဘောမျိုးတောင်းကြတာ။ ဆုတောင်းခြင်းအတော်များများဟာ ဘာမှလေးနက်မှုမရှိတော့ပါဘူး။ အားလုံး လုပ်နေကြအလုပ်ဆိုတော့ လုပ်လိုက်မယ်လေဆိုတာမျိုးပါ။ ကိုယ့်ကိုကိုယ်မညာဘဲနေရအောင်။

ဒီတော့ လုကာခရစ်ဝင်ထဲက ဖွဲ့နဲ့ဆုတောင်းပါဆိုတာကို တချို့က အလွဲယူပြီး အဲဒီလို ပေါက်ကရခြောက်ဆယ် ဆုတောင်းပုံတွေ ထွင်ပြီး၊ နွားရုပ်နဲ့သုံးပါးတဆူဘုရားသခင်ကို ကိုးကွယ်ဖို့ကြိုးစားနေကြတာဖြစ်တယ်။ အဲဒါကို ရှင်းမယ်ဆိုရင်၊ ဘုရားသခင် က ဖွဲ့နဲ့ဆုတောင်းခိုင်းတာဟာ ကိုယ့်ကိုကိုယ် သေချာရအောင်ဖြစ်တယ်။ ဘုရားကတော့ သိပြီးသားဘဲ၊ ဒီလူ ငါ့စီလာတောင်းနေ တာ နောက်အနှစ်သုံးဆယ်ဆိုလိုချင်တော့မှာမဟုတ်ဘူးဆိုတာ၊ ကျွန်တော်တို့က မသိဘူးလေ၊ ဒီတော့ ချက်ချင်းမပေးဘဲ၊ ကဲဖွဲ့နဲ့ဆုတောင်းကြည့်စမ်း၊ မင်းတကယ်လိုချင်တာလားသေချာအောင်လုပ်စမ်းဆိုပြီး၊ အချိန်ပေးတာဖြစ်တယ်။ ဘယ်လောက်အချိန်ကြာအောင်၊ ဘယ်နှစ်ကြိမ်ရွတ်ဆိုမှ ငါပေးမယ်ဆိုတာမျိုး ခရစ်ယာန်ဆုတောင်းမဟုတ်ပါဘူး။ အဲဒါ မယုံကြည်သူတွေ ဈေးရောင်းကောင်းဂါထာရွတ်တာမျိုးဖြစ်ပါတယ်။

နောက် ဝတ်ပြုပွဲတွေမှာ ကျမ်းစာက မပါခိုင်းတာတွေ ထည့်ကြတာပြောရအောင်။ ကျမ်းစာက ဝတ်ပြုခြင်းမှာ သင်းအုပ်က ဦးဆောင်ဖို့ပြောပါတယ်။ ဒါကို တယောက်တလှည့်စီ ဦးဆောင်နေကြတာ မလုပ်ရပါဘူး။ သင်းအုပ်ဟာ တပတ်လုံး အလုပ်မလုပ်ဘဲ၊ တရားဟောဖို့ ကျမ်းစာနဲ့အညီ ပြင်ဆင်နေတာဖြစ်တယ်။ ဒါ့ကြောင့် သူဘဲ တရားဟောရပါမယ်။ ပြီးတော့ သီချင်းဆိုတာ အသင်းတော်တခုလုံးက ဆာလံသီချင်းဘဲဆိုရမှာဖြစ်တယ်။ ဆိုလို(တဦးခြင်းဆိုခြင်း)၊ ခွယ်ယာ(အုပ်စုလိုက်သုံ့စုံဆိုခြင်း)၊ ဆာလံသီချင်းမဟုတ်တာတွေကိုဆိုခြင်း စတာတွေဟာ ရုပ်တုအားဖြင့် ဘုရားသခင်ကိုကိုးကွယ်ဖို့ ကြိုးစားခြင်းတွေဘဲဖြစ်တယ်။

ဒါနဲ့ဆက်နွယ်ပြီး တခါတုန်းက ကျွန်တော် ချင်းတောင်မှာ မြင်တာရှိပါတယ်။ ဝတ်ပြုပွဲကြီးမှာ အမျိုးသမီးငယ်တယောက်ကို ဆိုလို(တဦးချင်းသီချင်းဆို)ခိုင်းတာပေ့ါ၊ ဆောင်းရာသီ ရေခဲမတပ်အေးတာ အနွေးထည်အထပ်ထပ်ဝတ်ထားရတယ်၊ အဲဒါကို ကလေးမက အနွေးထည်အားလုံးချွတ်ပြီး၊ အောက်က အင်္ကျီလက်ပြတ်ကလေးနဲ့ဘဲ ဆင်မြင့်ပေါ်ကို သီချင်းတက်ဆိုပါတယ်။ အတော်လေးကြောက်စရာပါဘဲ။ သူဟာ ဘုရားကိုဂုဏ်တော်ချီးမွမ်းတာမဟုတ်တော့ပါဘူး။ သူ့ကိုယ်လုံးကို လူတွေဆီမှာ တက်ပြတာဘဲဖြစ်တယ်။ ရေခဲမတပ်အေးတာ အနွေးထည်ချွတ်စရာမလိုဘူးလေ။ ဝတ်ပြုခြင်းမဟုတ်တော့ပါဘူး။

ဒီလို ဘုရားသခင်ရဲ့ဒုတိယပညတ်ကို ခရစ်ယာန်တွေဂရုမစိုက်ရင်ဘာဖြစ်လာမလဲဆိုတော့၊ ကျိန်ခြင်းအမင်္ဂလာတွေ မိသားစုတွေစီမှာ ဆွေစဉ်မျိုးဆက်ရောက်လာမှာဖြစ်ပါတယ်၊ ရောက်လည်းရောက်နေကြပြီဖြစ်ပါတယ်။ အဖေရဲ့အပြစ်ကို သားသမီး သုံးလေးဆက်အထိရောက်စေမယ်ဆိုတာ အမှန်တရားဖြစ်တယ်။ အဖေနဲ့အမေက သုံးပါးတဆူဘုရားသခင်ကိုဘယ်လိုကိုးကွယ်ရမယ်ဆိုတာကို ဂရုမစိုက်တော့၊ ကလေးတွေကိုမသင်ဘူးပေ့ါ၊ ဒီတော့ ကလေးတွေကြီးလာရော ကိုယ်ကြိုက်သလို ဘုရားကိုဝတ်ပြုလို့ရတယ်လို့ မိဘတွေကိုကြည့်ပြီးသင်တော့တာပေ့ါ၊ အဲဒီအခါမှာ ကလေးတွေလက်ထက်မှာ ပိုပြီးတော့ ဝတ်ပြုပုံစံတွေ ဆိုးလာတာပေ့ါ၊ မြေးတွေမြစ်တွေလက်ထက်ကျတော့ အခြေအနေက ထိန်းသိမ်းလို့မရအောင်ဖြစ်လာတာပေ့ါ။ နောက်ဆုံးမှာ ဗျာဒိတ်ကျမ်းက ပြောသလို၊ ဘုရားသခင်ရဲ့အသင်းမဟုတ်တော့ဘဲ၊ စာတန်ရဲ့နေရာဆိုတဲ့အထိအခြေအနေဆိုးလာတာပေ့ါ။

ဒါပေမဲ့ ဒီပညတ်တော်ကိုဂရုစိုက်ရင်ဘာဖြစ်မလဲ၊ ဆွေစဉ်မျိုးဆက် အထောင်အသောင်းတိုင်အောင် ဘုရားသခင့်ပဋိညာဉ်ကောင်းချီးတွေကို ခံရမှာပေ့ါ။ ဘယ်သူမဆို ပျော်ရွှင်စွာဘဲ ဘဝတွေကို ဖြတ်သန်းချင်ကြပါတယ်။ ဒီမှာ ဘုရားသခင်က ကမ္ဘာတည်သ၍ ဆွေမျိုးစုလိုက်၊ လူမျိုးလိုက်၊ နိုင်ငံလိုက် ပျော်ရွှင်စွာနေနိုင်မဲ့လမ်းကို ပြောထားပါပြီ၊ ကျွန်တော်တို့ လိုက်နာကြရင်ရပြီဖြစ်ပါတယ်။ အဲဒီအတွက် ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေများဆိုတဲ့ ရီဖော့မ်ယုံကြည်ချက်က ဒီလိုရှင်းပြပါတယ် “ကျွန်ုပ်တို့သည် ဘုရားသခင်ထက် ပို၍ပညာရှိသယောင် ဟန်မဆောင်သင့်ပါ။ ဘုရားသခင်သည် -------- သူ၏နှုတ်ကပတ်တော်ကို အသက်ဝင်စွာ ဟောပြောခြင်းနှင့်သာ သွန်သင်ရန်အလိုရှိ၏။” ဒါ့ကြောင့် ဒုတိယပညတ်တော်က တနင်္ဂနွေနေ့ဝတ်ပြုချိန်တရားဟောခြင်းရဲ့အရေးပါမှုကို ပြောနေတာဖြစ်တယ်။

လူအများစုက ပျော်ရွှင်ခြင်းကို ဘုရားနဲ့မဟုတ်ဘဲရနိုင်တယ်လို့အထင်မှားနေကြပါတယ်။ အဲဒါအမြဲတမ်းမှားယွင်းစွာယုံနေကြတဲ့အကြောင်းဖြစ်တယ်။ မေ့နေကြတာက ဘုရားသခင်က လူကိုဖန်ဆင်းသလို၊ ပျော်ရွှင်ခြင်းကိုလည်း ဖန်ဆင်းတယ်ဆိုတာပါဘဲ။

ဒါ့ကြောင့် လူဟာ ဘုရားသခင်ဖန်ဆင်းလို့ဖြစ်လာသလို၊ ပျော်ရွှင်ခြင်းဆိုတာလည်း ဖန်ဆင်းခံတခုပါဘဲ။ တနည်းအားဖြင့် ပျော်ရွှင်ခြင်းရဲ့တကယ့်ပိုင်ရှင်ဟာ သုံးပါးတဆူဘုရားသခင်ဖြစ်တယ်။ ခရစ်တော်အားဖြင့်သာ ရနိုင်တယ်၊ သူဖေါ်ပြတဲ့လမ်းကြောင်းနဲ့ဝတ်ပြုကြသူတွေ၊ နောက်တနည်းနဲ့ပြောရရင်၊ ဒုတိယပညတ်တော်နဲ့ဘာသာရေးကိုကျင့်သုံးသူတွေသာ ရနိုင်မှာဖြစ်တယ်။ (ဆရာဆန်ကဲ့)

××××××××××××××××××××××××××××××××××××××××

**ခပ်စုသူတွေဖတ်ဖို့**

သင်းအုပ်ဆရာ၊ တွေးခေါ်ပညာရှင်၊ သီအိုလော်ဂျီပညာရှင် ဩဂတ်စတင်ကပြောပါသည် – “တခါတော့ အရက်မရှိတဲ့ ကောင်လေးတယောက်က၊ လှောင်ပြောင်ချင်တဲ့စိတ်နဲ့ ဘုရားတရားကြောက်ရွံ့ရှိသေတဲ့အဖိုးအိုတယောက်ကို မေးခဲ့ပါတယ်၊ ဘုရားသခင်ဟာ ကမ္ဘာကြီးကိုမဖန်ဆင်းခင် ဘာလုပ်နေခဲ့ပါသလဲတဲ့၊ အဲဒါနဲ့အဖိုးအိုက ပြန်ဖြေပါတယ်၊ ဘုရားသခင်ဟာ မင်းလိုခပ်စုတဲ့ ကောင်တွေကိုအတွက် ငရဲကိုဖန်ဆင်းနေခဲ့တယ်တဲ့၊ အတော်ကိုက်တဲ့အဖြေဘဲ။”